
စိတ်ကူးချိုချိုအနုပညာ

# ငြိမ်းချမ်းရေးအနုပညာရှင် ပါဘလိုပီကာဆို

မျိုးမင်းရန်အောင် – မြန်မာပြန်



mgyoe.com


ငြိမ်းချမ်းရေးအနုပညာရှင်
ပါဘလိုပီကာဆို
မျိုးခင်းရန်အောင် – မြန်မာပြန်
mmya0004
1,200.00 KS

mgyoe.com

ငြိမ်းချမ်းရေးအနုပညာရှင်ပါဘလိုပီကာဆို၊ မျိုးမင်းရန်အောင်
တမျက်နှာ ၉၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၈၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပြိုင်မ်းချမ်းရေးအနုပညာရှင် ပါဘလိုပီကာဆို

# WHO WAS PICASSO?

**True Kelley**

မျိုးမင်းရန်အောင်
မြန်မာပြန်



ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ပါဘလိုပီကာဆို ဘယ်သူလဲ | ၁ |
| ၁။ | ပီကာဆိုရဲ့ ငယ်ဘဝ | ၇ |
| ၂။ | လူငယ်ပန်းချီပညာရှင် | ၁၆ |
| ၃။ | ပါရီရွှေမြို့တော်ရဲ့ဘဝ | ၂၃ |
| ၄။ | ပါဘလိုရဲ့ အံ့ဩတုန်လှုပ်ဖွယ် ပန်းချီကားများ | ၃၅ |
| ၅။ | ဆန်းသစ်တာတစ်စုံတစ်ခု | ၄၄ |
| ၆။ | ချစ်ရေယာဉ်ကြောမှာ ဝဲလယ်ဝဲလယ် | ၅၀ |
| ၇။ | စစ်နဲ့ငြိမ်းချမ်းရေး | ၇၂ |
| ၈။ | အိုးပုတ်၊ ချိုးရုပ်နဲ့ ကလေးကစားစရာများ | ၈၁ |
| ၉။ | သေသည့်တိုင် အလုပ်လုပ်သွားသူ | ၈၉ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပါဘလိုပီကာဆို ဘယ်သူလဲ




ခေတ်သစ်ပန်းချီ (Modern art) အကြောင်း ရေးကြ သားကြ၊ ပြောကြ ဆိုကြမယ်ကြံရင် ပါဘလိုပီကာဆိုရဲ့ နာမည်ဟာ သင့်ခေါင်းထဲကို ပထမဆုံး ဝင်လာဖွယ်ရှိပါတယ်။ ဒါ့အပြင် ကနေ့ခေတ် ပန်းချီလောကဟာလည်း ပီကာဆိုသာ မပေါ်ထွန်းခဲ့ဘူးဆိုရင် တစ်မျိုးတစ်မည် ပြောင်းလဲသွားစရာ ရှိပါတယ်။ (မပြည့်စုံဘဲ ယုတ်လျော့တဲ့ ပြောင်းလဲမှုပါ။)

ပါဘလိုပီကာဆိုရဲ့ ဘဝသက်တမ်းဟာ အလွန်ရှည်လျားပြီး စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။ (လူမှုဘဝရော၊ အနုပညာဘဝကိုပါ ဆိုလိုတာပါ။)

ပီကာဆိုဟာ အလွန်မတန် ရက်စက်ကြမ်းကြုတ်တဲ့ ပထမနဲ့ ဒုတိယ

mgyoe.com

mgyoe.com




ကမ္ဘာစစ်ကြီးနှစ်ခုစလုံးကို ဖြတ်သန်းခဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူ့သက်တမ်းမှာ လျှပ်စစ်မီးကို တီထွင်နိုင်တာ၊ တယ်လီဖုန်းပေါ်လာတာ၊ ရေဒီယိုနဲ့ရုပ်သံကို တီထွင်နိုင်တာ၊ ရုပ်ရှင်ပေါ်လာတာ၊ မော်တော်ကားနဲ့ လေယာဉ်ပျံကို တီထွင်နိုင်တာ... အကုန်လုံးကို မီခဲ့ပါတယ်။

ကမ္ဘာကြီး ပြောင်းလဲလာတာနဲ့အမျှ သူကိုယ်တိုင်ကလည်း လိုက်ပြီး ပြောင်းလဲလာနိုင်ခဲ့တဲ့ အနုပညာရှင်ကြီးလည်း ဖြစ်ပါတယ်။

ပီကာဆိုဟာ အနုပညာအားလုံး (ပန်းချီ၊ ပန်းပု၊ ပိုစတာ စသည်) ဖန်တီးနိုင်သူဖြစ်ပြီး အနုပညာလက်ရာအမြောက်အမြားကိုလည်း တီထွင် ဖန်တီးခံစားရေးဆွဲ ထုလုပ်နိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။ ဒီလိုဖန်တီးနိုင် အောင်လည်း ပီကာဆိုဟာ နှစ်ပေါင်း ၈၀ ကျော် နေ့စဉ်နေ့တိုင်း ကြိုးကြိုး စားစားနဲ့ ရေးဆွဲထုလုပ်ခဲ့တာ လည်းဖြစ်ပါတယ်။

mgyoe.com

mgyoe.com

တချို့အကဲခတ်တွေအပြောအရ ပီကာဆို ဖန်တီးရေးဆွဲ ထုလုပ်ခဲ့တဲ့ အနုပညာလက်ရာပေါင်းဟာ ၅၀,၀၀၀ အထိတောင် ရှိတယ်လို့ သိရပါတယ်။ တကယ့်ကို မယုံနိုင်လောက်တဲ့ ထကြွလုံ့လရှိမှုနဲ့ အားစိုက်မှုများရှိမှသာ ဒီလိုအနုပညာလက်ရာအမြောက်အမြားကို အမွေအဖြစ် ချန်ရစ်နိုင်ခဲ့မှာပါ။ အရေအတွက်တင်လားဆိုတော့ မဟုတ်ပါဘူး။ အရည်အချင်းအရလည်း အဆင့်အတန်းမြင့်တဲ့ အနုပညာလက်ရာများကို ဆရာကြီး ချန်ရစ်ခဲ့တာလည်းဖြစ်ပါတယ်။

ဆရာကြီး ခံစားရေးဆွဲထုလုပ်ခဲ့တဲ့ အနုပညာလက်ရာတွေထဲမှာ ပန်းချီကားတွေ ပါပါတယ်။ ပိုစတာများလည်း ပါပါတယ်။ ပန်းပုလက်ရာတွေလည်း ပါဝင်ပါတယ်။ ပန်းပုဆိုရာမှာ ကျောက်တုံးပေါ်မှာထုတဲ့ လက်ရာများသာမကဘဲ သတ္တုနဲ့ ထုလုပ်တဲ့ ပန်းပုလက်ရာများလည်း ပါဝင်ပါတယ်။

mgyoe.com

mgyoe.com


Ceramic ခေါ်တဲ့ ကြွေထည်၊ မြေထည်နဲ့ထုလုပ်တဲ့ ပန်းပုလက်ရာများကိုလည်း အမွေအနှစ်အဖြစ် ဆရာကြီး ချန်ထားခဲ့ပါတယ်။ ပုံကြမ်းကားချပ်တွေလည်း ပါဝင်ပါတယ်။ ဒါတွေအားလုံးကို ဆရာကြီး ခံစားရေးဆွဲထုလုပ်ခဲ့တာမို့ တခြားနောက်ထပ်အနုပညာလက်ရာတွေဘက်ကို မလှည့်နိုင်တော့ဘူးလားလို့ မထင်လိုက်ကြပါနဲ့။

ပန်းချီ၊ ပန်းပုအနုပညာနဲ့ ပုံကြမ်းအမြောက်အမြားကို ရေးဆွဲထုလုပ်ခဲ့တဲ့အပြင် စာတွေ၊ ကဗျာတွေလည်း ရေးခဲ့ပါသေးတယ်။ မင်နှိပ်ပုံ၊ မင်နှိပ်ဒီဇိုင်းတွေလည်း ရေးဆွဲခဲ့ပါသေးတယ်။ ဇာတ်ခုံအဆင်အပြင်တွေလည်း အစွမ်းပြခဲ့ပါသေးတယ်။ အခမ်းအနားဝတ်စုံ၊ ဇာတ်ဝတ်ဇာတ်စားတွေကိုလည်း ဒီဇိုင်းရေးဆွဲ ဖန်တီးပေးခဲ့ပါသေးတယ်။ ဆရာကြီးပီကာဆိုရဲ့ အနုပညာလက်ရာတွေကတော့ စုံမှစုံလို့ ဆိုရပါမယ်။

အဲဒီအနုပညာလက်ရာများအပြင် ဆရာကြီး နောက်ထပ် ရေးဆွဲခဲ့တဲ့ အနုပညာအမျိုးအစားတစ်ခုကတော့ Collages ဖြစ်ပါတယ်။ Collages ဆိုတာ ဆေးတွေ၊ စုတ်တံတွေနဲ့ ရေးဆွဲခြယ်သရတဲ့ ပန်းချီအနုပညာမျိုး မဟုတ်ဘဲ စက္ကူ၊ အဝတ်စ၊ ဓာတ်ပုံ စတာတွေကို ဖြတ်ညှပ်ကပ်ပြီး ပုံဖော်တဲ့ အနုပညာပါ။

ဆရာကြီးဟာ အသစ်အဆန်းတွေ ဖန်တီးဖို့ အမြဲစဉ်းစားနေလေ့ရှိသူပါ။ (အသစ်အဆန်းတွေ တီထွင်ဖန်တီးတယ်ဆိုရာမှာ မည်ကာမတ္တ ဖန်တီးရေးဆွဲတာမျိုးမဟုတ်ဘဲ) လက်ရာမြောက် ကျွမ်းကျင်စွာနဲ့ တီထွင်ဖန်တီးလေ့ရှိသူဖြစ်ပါတယ်။ ဒီလိုတီထွင် ဖန်တီးရင်းနဲ့ အဲဒီအနုပညာမှာ သူ့မူ သူ့ဟန် သူ့လက်ရာရယ်လို့ ကျွမ်းကျင်ပိုင်နိုင်လာခဲ့ပြီဆိုရင် နောက်ထပ် အနုပညာတစ်မျိုးကို ပြောင်းပြီး ဖန်တီးရေးဆွဲထုလုပ်ပြန်ပါတယ်။ ဥပမာ– ပန်းပုထု နေရာကနေ ပိုစတာတွေဘက်ပြောင်းပြီး ရေးဆွဲတာမျိုး စသည်ဖြင့်ပေါ့။ အဲဒီလိုပြုလုပ်ခဲ့ခြင်းရဲ့ ရလဒ်ကတော့ သူ့ရဲ့ အနုပညာလက်ရာဟာ ဘယ်ပန်းချီပန်းပုအနုပညာရှင်ကြီးများထက်မဆို ပိုပြီးတီထွင်ဖန်တီးပြောင်းလဲမှုသဘော သက်ဝင်နေတာပါပဲ။

တခြားတစ်ပါးသော အနုပညာရှင်များနဲ့မတူတဲ့ အချက်တစ်ခု ပီကာဆိုထံမှာ ရှိပါသေးတယ်။ အဲဒါကတော့ အနုပညာသမားတစ်ဦးအနေနဲ့


mgyoe.com

mgyoe.com


သူဟာ တော်တော်လေး မြန်မြန်ဆန်ဆန် အောင်မြင်မှုရလာခြင်းပါပဲ။ တခြား ပန်းချီဆရာတွေလို အောင်မြင်မှုရလာဖို့ ဆယ်လေးငါးနှစ် စောင့်ဆိုင်းရတာမျိုး သူ့မှာ မရှိခဲ့ပါဘူး။ သူဟာ လူတွေရဲ့အာရုံကို ဘယ်လို ဖမ်းစားရမယ်ဆိုတာကိုလည်း အမြဲကို သိနားလည်နေသူပါ။ ဘယ်လောက်တောင် တော်တော်စောစောကတည်းက အောင်မြင်မှု ရလာခဲ့တာလဲဆိုရင် ဆရာကြီး ပီကာဆိုဟာ သူ့အသက် ကိုးနှစ်သားကတည်းက ပန်းချီကား ပုံကြမ်းတွေကို ရောင်းချနိုင်တဲ့အနေအထား ရရှိခဲ့သူပါ။ ဒါကြောင့် အသက် ၉၁ နှစ်အရွယ်မှာ သူ ကွယ်လွန်တော့ ဆရာကြီးဟာ သမိုင်းတစ်လျှောက်မှာ အချမ်းသာဆုံး ပန်းချီပန်းပုအနုပညာရှင်ကြီးအဖြစ် ရာဇဝင်စာတင်ခံရတာ သိပ်မဆန်းလှပါလို့ ဆိုရပါလိမ့်မယ်။

သူ့ရဲ့ ပန်းချီပန်းပုအနုပညာကတစ်ဆင့် ဆရာကြီးဟာ နိုင်ငံရေး၊ လူ့အဖွဲ့အစည်း၊ ငြိမ်းချမ်းရေးနဲ့ ချစ်ခြင်းမေတ္တာတရားတို့ထံ (ခိုင်မာအားကောင်းတဲ့) အမှာစကား၊ အဆိုအမိန့်များပေးပို့ နိုင်ခဲ့ပါတယ်။ (ဉပမာ– ဂွါရာနီကာပန်းချီကားကြီးနဲ့ စစ်ဆန့်ကျင် ရေးအတွက် ဆော်ဩမှု)

ဆရာကြီး ပီကာဆိုကြောင့် 'ချိုးငှက်ငယ်' ဟာ ငြိမ်းချမ်းရေးသင်္ကေတရယ်လို့ တစ်ကမ္ဘာလုံး လက်ခံလာခဲ့ကြတာပါ။ အထက်မှာရေးခဲ့သလို အင်မတန်လက်ရာမြောက်တဲ့ ဂွါရာနီကာ ပန်းချီကားကြီးမှာ စစ်ပွဲရဲ့ အနိုင်အရှုံး၊ ကြောက်မက်ဖွယ်ကောင်းမှုနဲ့ ကြမ်းကြုတ်ရက်စက်မှုများကို ထင်ဟပ်ပုံဖော်




ငြိမ်းချမ်းရေး
သင်္ကေတ
ချိုးငှက်ငယ်

mgyoe.com

mgyoe.com
ပြသနိုင်ခဲ့ပါ တယ်။

ပီကာဆိုရဲ့ အနုပညာလက်ရာဟာ လေးနက်မှု ရှိရင် ရှိမယ်၊ ဒါမှ မဟုတ် ပျော်စေ ပြက်စေ သဘောမျိုး ဖန်တီးထား တာလည်းဖြစ်ရင်ဖြစ်မယ်။ ကလေးတွေ ဆွဲထားတဲ့လက်ရာမျိုး ဖြစ်ရင်ဖြစ်မယ်၊ ဒါမှမဟုတ် သရုပ်မှန် လက်ရာဖြစ်ရင်ဖြစ်မယ်။ ဆေးရောင်စုံနဲ့ ရေးဆွဲထားတာမျိုးလည်းဖြစ်နိုင် သလို အရောင် အသွေးသိပ်မစုံလင်ဘဲ ခပ်မှိုင်းမှိုင်းလည်း ဖြစ်နေနိုင်ပါတယ်။ ဒါမှမဟုတ် ခပ်ရိုးရိုးနဲ့ ရေးဆွဲထားတာမျိုး ဖြစ်နိုင်သလို ခက်ခဲ ရှုပ်ထွေးတဲ့ လက်ရာမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ တကယ့်ကို တစ်ခုနဲ့တစ်ခု ဆန့်ကျင် ဘက် ဖြစ်နေတဲ့ လက်ရာတွေကို ရသမြောက်အောင် ဖန်တီးရေးဆွဲနိုင်စွမ်းရှိသူ အံ့မခန်း အနုပညာရှင်ကြီးဖြစ်ပါတယ်။

ငယ်ငယ် ကလေးဘဝကတည်းက အရွယ်ရောက်ပြီး ပါရမီရင့် ပန်းချီ ဆရာကြီးတစ်ဦးလို ရေးဆွဲနိုင်ခဲ့သူပါ။ ဒါပေမဲ့ (ထူးဆန်းတာတစ်ခုက) သူ အသက်အရွယ်ရလာတဲ့အခါမှာ ကလေးတစ်ယောက်ရဲ့လက်ရာမျိုး သူ ရေးဆွဲဖန်တီးချင်ခဲ့တာပါ။



ငှက်ဖမ်းတဲ့ကြောင် (၁၉၃၉)

mgyoe.com

mgyoe.com

# အခန်း(၁)
# ပီကာဆိုရဲ့ငယ်ဘဝ

စပိန်နိုင်ငံတောင်ပိုင်း မာလာဂါမြို့မှာ အောက်တိုဘာ ၂၅၊ ၁၈၈၁ က ပန်းချီပညာသင်ဆရာတစ်ဦးနဲ့ သူ့ဇနီးကနေ သားယောကျ်ားငယ်တစ်ဦး ဖွားမြင်ခဲ့ပါတယ်။ သူတော်စင်တွေနဲ့ ဆွေမျိုးတွေရဲ့ နာမည်တွေထည့်ပြီး အမြတ်တနိုးမှည့်ခဲ့ကြတာ အဲဒီကလေးရဲ့နာမည်က အောက်ပါအတိုင်း ဖြစ်ပါတယ်။



ပါဘာလိုရဲ့မိခင်



ပါဘာလိုရဲ့ဖခင်

mgyoe.com

mgyoe.com


**ပါဘလို ဒီယေဂို ဟိုဆေး ဖရန်စစ်စကိုဒီပေါ်လာဟွန် နီပိုမူစီနို မာရီယာ ဒီလော့စ် ရီမီဒီယိုစီပရီယာနို ဒီလာ ဆန်တီစီမာ ထရီနီဒက် ရူးအစ်ပိုင် ပီကာဆိုပါတဲ့။**

နှစ်ပေါင်းများစွာကြာတဲ့အခါမှာတော့ အဲဒီကလေးငယ်ဟာ အလွန်ကျော်ကြားထင်ရှားကြီးမြတ်တဲ့ ပန်းချီဆရာကြီး ပါဘလို ပီကာဆိုရယ်လို့ ဖြစ်လာခဲ့ပါတော့တယ်။ စာဖတ်သူများ စဉ်းစားကြည့်ပါ။ ဒီလောက်ရှည်တဲ့ နာမည်ကြီးကို ပန်းချီကားပေါ်မှာ သူ ဘယ်လိုလက်မှတ်ရေးထိုးရမှာပါလဲ။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် 'ပီကာဆို' လို့ပဲ သူ့ပန်းချီကားပေါ်မှာ လက်မှတ် ရေးထိုးပါတယ်။

(ပါရမီဗီဇပါတဲ့ ကလေးပီပီ) စကားမပြောတတ်ခင်ကတည်းက ပန်းချီဆွဲခဲ့ပါတယ်။ ကလေးငယ်တစ်ယောက်အနေနဲ့ သူ ပထမဆုံး ပြောခဲ့တဲ့ စကားက 'ပစ်ဇ်' 'ပစ်ဇ်' ရယ်လို့ ဖြစ်ပါတယ်။ စပိန်လို 'လာပစ်ဇ်' ကို ကလေးငယ်အနေနဲ့ အတိုကောက် အသံထွက်တာပါ။ 'လာပစ်ဇ်' ရဲ့ မြန်မာလို အဓိပ္ပာယ်က 'ခဲတံ' ရယ်လို့ဖြစ်ပါသတဲ့။ တကယ့်ကို ငယ်ငယ်ကလေးဘဝကတည်းက (တောက်မယ့်မီးခဲ အရှိန်နဲ့ တရဲရဲဆိုသလို) ကြောင်လိမ်



mgyoe.com




လှေကားပုံတွေ(မြန်မာလိုဆိုရင်တော့ တီကောင်ပုံတွေပေါ့လေ) ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် သဲပြင်ပေါ်မှာလည်း တုတ်တစ်ချောင်းနဲ့ ပုံတွေ လျှောက်ဟိုခြစ် ဒီခြစ်လုပ်ခဲ့ပါသေးတယ်။

တကယ်လို့ သူ မြင်းပုံရေးဆွဲတယ် ဆိုပါတော့၊ ဘယ်နေရာကဖြစ်ဖြစ် စရေးဆွဲ လိုက်တာပဲ။ အမြီးက စဆွဲရင်ဆွဲမယ်၊ ခြေထောက်က စဆွဲရင် ဆွဲမယ်။ ဘယ်နေရာ ဖြစ်ဖြစ် ဆွဲလိုက်တာပဲ။ ဒါ့အပြင် (ပြင်ရာဖျက်ရာမရှိ) တစ်ကြောင်းတည်းနဲ့လည်း သိပ်ကောင်းတဲ့ မြင်းပုံပေါ်အောင် ရေးဆွဲနိုင်ပါတယ်။ မင်နဲ့ဖြစ်ဖြစ်၊ ခဲနဲ့ဖြစ်ဖြစ် တစ်ကြောင်းတည်းနဲ့ပေါ့။ ဒါ့အပြင် စက္ကူပေါ်မှာ ကတ်ကြေးနဲ့ကိုက်ပြီးတော့လည်း မြင်းပုံညှပ်နိုင်ပါသေးတယ်။ သင်ကော အဲဒီလို စမ်းကြည့်ဖူးပါရဲ့လား၊ သိပ်မလွယ်ဘူးနော်။




mgyee.com

mgyoe.com



ပါဘလိုမိဘတွေက သူ့ကို ပန်းချီပန်းပုအနုပညာရှင်တစ်ဦး ဖြစ်စေချင်တာပါ။ ငယ်ငယ်တုန်းကတော့ သူ့အဖေနဲ့အတူ (စပိန်မှာ ခေတ်စားလှတဲ့) နွားရိုင်းသတ်ပွဲတွေ သွားကြည့်ခဲ့တာပေါ့။ ဒါကြောင့် ပါဘလို ပထမဆုံးဆွဲတဲ့ ပန်းချီကားဟာ နွားရိုင်းသတ်ပွဲတစ်ခုရဲ့ ပုံပါ။ အဲဒီနွားရိုင်းသတ်ပွဲပုံဆွဲစဉ်က သူဟာ ရှစ်နှစ်သားအရွယ် သာရှိပါသေးတယ်။ (အဲဒီပုံကိုကြည့်ပြီး) လူတိုင်းက ပါဘလိုဟာဖြင့် ပါရမီ ရှင် ပန်းချီဆရာရယ်လို့ တွေးထင်ယူခဲ့ကြတာပါ။ သူတို့ တွေးတာလည်း မှန်ပါတယ်။

ပါဘလိုမှာ နှမငယ်လေးနှစ်ဦး ရှိပါတယ်။ လိုလာနဲ့ ကွန်ချီတာတို့ပါ။ စိတ်မကောင်းစရာက ပါဘလို ငယ်ရွယ်စဉ်မှာပဲ အသက်ခုနစ်နှစ်အရွယ် နှမငယ် ကွန်ချီတာဟာ ဆုံဆို့နာနဲ့ ကွယ်လွန်ခဲ့ရပါတယ်။ မိသားတစ်စုလုံး စိတ်ထိခိုက်ကြေကွဲခဲ့ကြရတာပေါ့။ (နှမငယ် သေဆုံးတာကို ကြုံတွေ့ခဲ့ရပြီးတဲ့နောက်) ပီကာဆိုဟာ ကျန် သူ့ဘဝတစ်လျှောက်လုံး မရဏသေခြင်းတရားကို ကြောက်ရွံ့ထိတ်လန့်နေခဲ့ပါတော့တယ်။

ပါဘလို အသက် ၁၃ နှစ်သားအရွယ်မှာ ပထမဆုံး ပန်းချီပြပွဲတစ်ခု ပြုလုပ်နိုင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဖခင်ကြီးက သူ့သား (ပါဘလို)ဟာ သူ့ထက် ပိုလက်ရာမြောက်အောင် ပန်းချီ ရေးဆွဲနိုင်စွမ်းရှိမှန်း သိသွားခဲ့ပါ

mgyoe.com



ကွန်ချီတာ



လိုလာ

တယ်။ အဲဒီအချိန်ကစလို့ ဖေဖေ ပါဘလိုဟာ သူ့ရဲ့ စုတ်တံတွေ၊ ဆေးတွေ အကုန်လုံး သားဖြစ်သူကို အကုန်ပေးလိုက်ပြီး ဘယ်တော့မှ ပန်းချီထပ်မဆွဲတော့ပါဘူး။

ပါဘလိုနဲ့ သူ့မိသားစုဟာ ဇာတိ မာလာဂါမြို့ကနေ ပန်းချီပန်းပု ပညာရှင်တွေ တင်းကြမ်းပြည့်နေတဲ့ ဘာစီလိုနာမြို့တော်ကို ပြောင်းလာခဲ့ကြပါတယ်။ ဘာစီလိုနာဟာ တကယ့်ကို စိတ်ဝင်စားစရာကောင်းတဲ့ အနုပညာရှင်တွေအများကြီးရှိတဲ့မြို့ပါ။ (ဘာစီလိုနာကိုရောက်တော့) ပါဘလို ဟာ သူ့ဖခင် ပန်းချီပညာ သင်ကြားပေးနေတဲ့ သူတို့နေထိုင်တဲ့ ရပ်ကွက်က အနုပညာကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ အဲဒီအချိန်က ပါဘလိုဟာ အသက် ၁၄ နှစ်သားအရွယ်သာ ရှိပါသေးတယ်။



အသက် ၁၅ နှစ် အရွယ် ပါဘလို

mgyoe.com

mgyoe.com


ပါဘလိုဟာ ပန်းချီသင်ရာမှာ အခြေခံတွေကို သင်ယူနေစရာမလိုဘဲ တန်းမြင့်အဆင့်ကို တစ်ခါတည်း တက်သင်ယူနိုင်တာကြောင့် ဆရာတွေ တောင် အံ့အားသင့်ခဲ့ရပါတယ်။

ပါဘလိုရဲ့ တကယ့်ပန်းချီပညာရှင်ဘဝဟာ အသက် ၁၆ နှစ်သား အရွယ်မှာ စတင်ခဲ့ပါတယ်။ (အဲဒီအရွယ်မှာ) သူဟာ 'သိပ္ပံပညာနဲ့ အလှူဒါန' (Science and Charity) အမည်ရ ပန်းချီကားတစ်ချပ်ကို ရေးဆွဲခဲ့ပါတယ်။ အဲဒီပန်းချီကားဆွဲဖို့ အတွက် သူ့ကို ကိုယ်ဟန်ပြပေးခဲ့သူများကတော့ ဖခင်ဖြစ်သူနဲ့ နှမငယ် လိုလာတို့ပါပဲ။ လိုလာက ခုတင်ပေါ်မှာ ပက်လက်ကလေး လှဲရင်း လူမမာလို ကိုယ်ဟန်ပြပေးပါတယ်။ ဖခင်ဖြစ်သူက သူမကို ဆေး လာကုပေးတဲ့ ဆရာဝန်သဏ္ဌာန်ကိုယ်ဟန်ပြပေးပါတယ်။ အဲဒီပန်းချီကား ဟာ ပုံသဏ္ဌာန်အားဖြင့် အလွန်ကိုသရုပ်တူပါတယ်။ (လက်ရာမြောက်လွန်း တာကြောင့်) မြို့တော် မက်ဒရစ်မှာ ကျင်းပတဲ့ ပန်းချီပြပွဲမှာ ဆုတစ်ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ စပိန်မှာရှိတဲ့ အကျော်အမော်ပန်းချီဆရာ တချို့ကို ကျော်လွန်ပြီး ပါဘလို အဲဒီဆု ဆွတ်ခူးရရှိခဲ့တာပါ။



သိပ္ပံပညာနဲ့ အလှူဒါန (၁၈၉၇)

mgyoe.com



(ဒီလိုအောင်မြင်မှုတွေရလာတော့) ပါဘလိုရဲ့ မိဘတွေက သူတို့သား ဟာ ပန်းချီပညာရှင်တစ်ဦးအဖြစ် အနာဂတ်မှာ အောင်မြင်လာလိမ့်မယ်လို့ ယုံကြည်လာကြပါတယ်။

ဒါနဲ့ မိဘများဟာ ပါဘလိုကို ပန်းချီပညာရပ်များ သင်ယူဖို့ မက်ဒရစ်မှာရှိတဲ့ ဆန်ဖာနန်ဒိုတော်ဝင် အကယ်ဒမီအနုပညာ ကျောင်းထံ ပို့လွှတ်ခဲ့ပါတယ်။ အဲဒီကျောင်းဟာ (အနုပညာနဲ့ပတ်သက်ပြီး ကျကျနန အသေအချာ သင်ကြားပေးနိုင်တဲ့) ကျောင်းကောင်းတစ်ခုဖြစ်ပေမဲ့ ပါဘလိုကတော့ ကျောင်းမှန်မှန်မတက်ခဲ့ပါဘူး။ နင်းကန်ကျောင်းလစ်ခဲ့တာပါ။ ဆရာတွေက သူ့ကို တခြားပန်းချီကားတွေနဲ့ ရုပ်တုတွေကို ပုံတူရေးဆွဲစေချင်တာပါ။ ဒါပေမဲ့ ပါဘလိုက ဒီလိုသင်နည်းဟာ အလကားပဲ၊ အသုံးမဝင်ဘူး၊ ခေတ်မမီတဲ့နည်းဟောင်းကြီးလို့ ယူဆခဲ့ပါတယ်။


(ပန်းချီကျောင်းက လစ်ပြီး) ပါဘလိုဟာ (မက်ဒရစ်မြို့တော်မှာရှိတဲ့) ကဖီးဆိုင်တွေမှာ လျှောက်ပြီး ကြမ်းပိုးထိုးနေခဲ့တာပေါ့။ (ကျောင်းမတက်ဘဲ) သူ မကြာခဏသွားတဲ့နေရာတွေထဲမှာ ထင်ရှားတဲ့ ပရာဒိုအနုပညာပြတိုက်လည်း ပါဝင်ပါတယ်။ အဲဒီပြတိုက်မှာရှိတဲ့ စပိန်ပန်းချီကျော် အယ်ဂရီကိုနဲ့ ဖရန်စစ္စကိုဂိုယာတို့ရဲ့ လက်ရာများကို ကြည့်ရှုလေ့လာတာပါ။

အဲဒီနှစ် ဆောင်းရာသီမှာ ပါဘလို (ကြက်သွေးရောင် အင်ပျဉ်ထတဲ့)

mgyoe.com


ပါဘလိုရဲ့ စပိန်က ဘဝ

ပါဘလိုနဲ့ သူ့မိသားစုဟာ ပါဘလိုကို မွေးဖွားခဲ့တဲ့ စပိန်တောင်ပိုင်း မာလာဂါမြို့ကနေ စပိန်မြောက်ပိုင်း လာကိုရူနာကမှ တစ်ခါ ဘာစီလိုနာကို ပြောင်းခဲ့ပါတယ်။ ဘာစီလိုနာကမှတစ်ခါ ပါဘလိုဟာ ပန်းချီပညာ သင်ယူဖို့ မက်ဒရစ်ကို ရောက်ရှိခဲ့ပါတယ်။ နာဖျားမကျန်းဖြစ်တဲ့အခါမှာတော့ သူဟာ ဟော်တာဒီဆန်ဟွန်ဆိုတဲ့ ရွာငယ်လေးမှာ သွားအနားယူပါတယ်။ နောက်ပိုင်းမှာ ဘာစီလိုနာကို ပြန်လာခဲ့ပေမဲ့ ပါရီမြို့ကြီးရဲ့ တိမ်းမူးဖွယ်ကောင်းမှုတွေကိုတော့ သူ မလွန်ဆန်နိုင်ခဲ့ပါ။




mgyoe.com

mgyoe.com


ကူးစက်အဖျားရောဂါ စွဲကပ်ခြင်းခံရပါတယ်။ ဒါနဲ့ ကျောင်းကထွက်ခဲ့ရပြီး အဖျားရောဂါသက်သာလာတဲ့အထိ ကျေးလက်တောရွာတစ်ရွာမှာ သွားအနားယူနေထိုင်ခဲ့ရပါတယ်။ အဲဒီလို အနားယူနေထိုင်စဉ်အတွင်း ပီကာဆိုဟာ သူ့ ဘဝအနာဂတ် ရေ့ရေးနဲ့ပတ်သက်လို့ တွေးတောဆင်ခြင်စဉ်းစားဖို့ အချိန်အများကြီးရခဲ့ပါတယ်။ (စဉ်းစားဖို့ အချိန်အများကြီးရချိန်မှာ ကျကျနန စဉ်းစားခဲ့ပြီးတဲ့နောက်) ကျောင်းကို ပြန်မသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့အပြင် သူ့နည်းသူ့ဟန်နဲ့ပဲ ပန်းချီရေးဆွဲဖို့ (ရှေးရိုး အစဉ်အလာတွေကို လိုက်နာမနေဘဲ) ကိုယ်ပိုင်ဟန်နဲ့ ပန်းချီကားတွေ ရေးဆွဲဖို့ကိုလည်း ဆုံးဖြတ်ခဲ့ပါတယ်။ ပီကာဆိုရဲ့ မိသားစုကတော့ သူ ဒီလိုဆုံးဖြတ်တာကို မကြိုက်ကြပါဘူး။ ဒါပေမဲ့ သူကတော့ သူ့နည်းသူ့ဟန် သူ့ဆုံးဖြတ်ချက်နဲ့ပဲ မရပ်မနား ဆက်လက်ချီတက်ဖို့ အသင့်ဖြစ်နေခဲ့ပါပြီ။



mgyoe.com

mgyoe.com

# အခန်း(၂)
# လူငယ်ပန်းချီပညာရှင်




ဒီလိုနဲ့ ပါဘလိုတစ်ယောက် ဘာစီလိုနာမြို့တော်ကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။ ဘာစီလိုနာမြို့တော်မှာရှိတဲ့ ကြောင်လေးကောင် (စပိန်ဘာသာနဲ့ Els Quatne Cat's) ကဖေးမှာ ပါဘလိုနဲ့ ပန်းချီပန်းပုအနုပညာရှင်တွေ၊ ကဗျာဆရာတွေ၊ စာရေးဆရာတွေ တရုန်းရုန်းနဲ့ ထိုင်ကြပြုကြ စကားတွေပြောကြနဲ့ပေါ့။ ပါဘလိုတို့လူသိုက်ဟာ သူတို့ကိုယ်သူတို့ 'မော်ဒန်အနုပညာရှင်' တွေလို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။

၁၉၀၀ ပြည့်နှစ်မှာတော့ ပါဘလိုဟာ သူ့ရဲ့ ပထမဆုံး တစ်ကိုယ်တော် ပန်းချီပြပွဲကို အဲဒီကဖေး 'ကြောင်လေးကောင်' မှာ ပြုလုပ်ခဲ့ပါတယ်။ မိတ်ဆွေသူငယ်ချင်းများနဲ့ မိသားစုဝင်များရဲ့ ကိုယ်ရေးပုံတူ ၅၀ ကျော်ရယ်၊

mgyoe.com

mgyoe.com


နောက် တခြားပုံကြမ်းနဲ့ ပန်းချီကား ၆၀ နီးပါးရယ်ကို အဲဒီပွဲမှာ ပြသခဲ့တာပါ။ အဲဒီပြသထားတဲ့ ပန်းချီကားများအနက် တစ်ပုံကတော့ သေလုမျောပါးဖြစ်နေတဲ့ အမျိုးသမီးတစ်ဦးရဲ့ ခုတင်ဘေးမှာ ဘုန်းတော်ကြီးတစ်ပါး ရပ်နေပုံဖြစ်ပါတယ်။ အဲဒီကားကို ပါရီမှာပြုလုပ်တဲ့ ကမ္ဘာ့ကုန်စည်ပြပွဲရဲ့ ပန်းချီပြခန်းမှာ ချိတ်ဆွဲပြသဖို့ ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ ဒီလိုပန်းချီကားပြသဖို့ ရွေးချယ်ခံရခြင်းဟာ ပါဘလိုကို ပါရီမှာ ပြောင်းရွှေ့နေထိုင်ဖို့ သူ လိုအပ်တဲ့ အကြောင်းပြချက်တစ်ခု ဖြစ်သွားစေခဲ့ပါတော့တယ်။ ရေစက်တုန်းမှာ ရေတွင်းထဲကျသွားခဲ့တဲ့သဘောပါ။ သူနဲ့ ပန်းချီကျောင်း အတူတက်ခဲ့တဲ့ သူငယ်ချင်းကာလေကာဆာ ဂိမာဟာလည်း ပါဘလိုနဲ့အတူ ပါရီကို လိုက်လာခဲ့ပါတယ်။

(ပါရီရွှေမြို့တော်ကိုသာ တက်လာရ) ပါဘလိုတို့ သူငယ်ချင်းနှစ်ဦးမှာ ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိခဲ့ပါဘူး။ ပိုက်ဆံမရှိတဲ့အတွက် ဘာအိမ်ထောင်ပရိဘောဂတစ်ခုတလေမှ မဝယ်နိုင်ဘဲ သူတို့နေထိုင်တဲ့ တိုက်ခန်းဟာ ဟာလာဟင်းလင်းကြီးဖြစ်နေပါတော့တယ်။ (ဒီလိုအဖြစ်မခံနိုင်တဲ့) ပါဘလိုဟာ အခန်းနံရံတွေမှာ (ရသေ့စိတ်ဖြေသဘောနဲ့) အိမ်ထောင် ပရိဘောဂပုံတွေ၊ စာအုပ်စင်ပုံတွေ ရေးဆွဲခဲ့ပါတော့တယ်။ ဒါမှပဲ သူတို့အခန်းဟာ ဟာလာဟင်းလင်းနဲ့ ပြောင်သလင်းကြီး ဖြစ်မနေမှာကိုး။ ပါဘလိုဟာ မီးခံသေတ္တာပုံတစ်ခုကိုတောင် အခန်းနံရံပေါ်မှာ ရေးဆွဲခဲ့ပါသေးတယ်။ သူတို့မှာ မီးခံသေတ္တာထဲ ထည့်စရာ အဖိုးတန်ပစ္စည်းတစ်ခုခုရှိနေသယောင်ယောင် ဘာယောင်ယောင်နဲ့ပေါ့။

ဒါပေမဲ့ တိုက်ခန်းထဲမှာ ဘာပရိဘောဂမှ ဝယ်မထည့်နိုင်တာက သူတို့အတွက် ပြဿနာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်ဟာ မြို့တော် ပါရီကို ရောက်နေကြပြီလေ။ ဖက်ရှင်လောကနဲ့ အနုပညာရဲ့ ကမ္ဘာ့ဗဟိုချက်မဖြစ်တဲ့ ပါရီမှာ သူတို့နေကြပြီလေ။ (ကျန်တာ ဘာမှ အရေးမကြီးတော့ပါဘူး။)


ပါရီဟာ ထက်သန်တက်ကြွမှုပေါင်းစုံနဲ့ ပြည့်လျှမ်းနေတဲ့ အနုပညာမြို့တော်ဖြစ်ပြီး ပီကာဆိုဟာလည်း (အနုပညာသစ်ကို ဖန်တီးလိုက်မဟဲ့ ဆိုတဲ့) ခွန်အားသတ္တိနဲ့ အပြည့်ဖြစ်နေပါပြီ။

mgyoe.com

mgyoe.com


တူးလော့စ်လုထရက်၊ ဂေါ်ဂင်၊ ဗန်ဂိုး၊ စေဇန်း၊ ဒဂါးနဲ့ မိုနေးတို့ရဲ့ အနုပညာလက်ရာများကိုလည်း သူ တဝကြည့်ခဲ့ပြီးပါပြီ။ ပါရီဟာ အရောင်စုံ၊ အသွေးစုံသလို ပါဘလိုရဲ့ ပန်းချီလက်ရာများလည်း အရောင်စုံ၊ အသွေးစုံနဲ့ပါ။ နှစ်လတိတိ သူ ပါရီရဲ့ ရှုခင်းရှုကွက်တွေကို ပန်းချီဆွဲခဲ့ပါတယ်။ သူ ဆွဲခဲ့တဲ့ ပန်းချီကားတွေထဲက ကျွဲရိုင်းသတ်ပွဲပုံသုံးကား ရောင်းချခဲ့ရပါတယ်။ ပါဘလိုအတွက် အားတက်စရာပဲပေါ့။

ပါရီမှာ နေရတဲ့အတွက် ပါဘလို ကြည်နူးချမ်းမြေ့ခဲ့ပါတယ်။ ဒါပေမဲ့ သနားစရာ ကာလေကတော့ သူ့လိုမဟုတ်ဘဲ အသည်းကွဲခဲ့ရရှာတာပါ။ ဘာလို့ အသည်းကွဲရတာတုန်းဆိုရင် ရည်းစားက သူ့ကို ပစ်သွားလို့ ဖြစ်ပါတယ်။ ဒီမှာတင် သူတို့နှစ်ဦး စပိန်မှာရှိတဲ့ ပါဘလိုရဲ့ မွေးဇာတိမြို့ကို ပြန်ပြောင်းလာခဲ့ကြပါတယ်။ အိမ်ပြန်ရောက်သွားပြီး တံခါးပေါက်ဝမှာ သူ့ကို မြင်လိုက်ရတော့ ပါဘလိုရဲ့မိသားစု သူတို့ မြင်တွေ့လိုက်ရတာအတွက် စိတ်မချမ်းမြေ့ဖြစ်ကုန်ကြပါတယ်။ ပါဘလို့ ဝတ်စားဆင်ယင်မှုကို မြင်တွေ့



မြို့ကြီးသား ဝတ်စားဆင်ယင်မှုနဲ့
ပါဘလို

mgyoe.com

mgyobe.com

လိုက်ကြရလို့ပါ။ ဆံပင်ကလည်း ပျံလန်နေပြီး ကုပ်ပေါ်မှာဝဲလို့၊ ဆံပင်ရှည်ကြီးနဲ့။ အဝတ်အစားကလည်း ကိုးရိုးကားရား၊ ဖို့ရို့ဖားရားနဲ့ဆိုတော့ မိဘနှစ်ပါးခမျာ "ငါတို့သားတော့ ပါရီမှာတက်ပြီး အရည်မရ အဖတ်မရနဲ့ အလဟဿအချိန်ဖြုန်းခဲ့တာပဲ" လို့ ထင်မြင်ခဲ့ကြပါတော့တယ်။

ဒီလိုနဲ့ ပါဘလိုတစ်ယောက် မက်ဒရစ်မြို့တော်ကို ပြောင်းရွှေ့ခဲ့ပြန်ပါတယ်။ အဲဒီမှာ ပန်းချီမဂ္ဂဇင်းတစ်စောင် စတင်ထုတ်ဝေဖို့ သူ ဝိုင်းကူခဲ့ပါတယ်။ အဲဒီမဂ္ဂဇင်းမှာ ဆင်းရဲသားနင်းပြားများရဲ့အကြောင်း နိုင်ငံရေးကာတွန်းတွေကို ရေးဆွဲဖော်ပြခဲ့ပါတယ်။ အချစ်ရှုံးသမား သူငယ်ချင်း



ကာလေ ကာဆာဂီမာ

ကာလေနဲ့ကတော့ သူ လမ်းခွဲခဲ့ပါပြီ။ လမ်းမခွဲလို့လည်း မဖြစ်ပါ။ ကာလေဟာ အခုအချိန်အထိ အသည်းကွဲဒဏ်ရာ မကျက်သေးဘဲ ဆောက်တည်ရာမရ ဖြစ်နေတုန်းပါ။


သိပ်မကြာခင်မှာပဲ ကာလေတစ်ယောက် ပါရီမြို့တော်ကို ပြန်ရောက်ခဲ့ပါတယ်။ ကာလေဟာ အသည်းကွဲဝေဒနာကြောင့် ဆောက်တည်ရာမရဖြစ်နေပြီး ရည်းစားဟောင်းကို ပစ်သတ်ဖို့ ကြိုးစားခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အချစ်ရှုံးသမားကြီးဟာ သူ့ကိုယ်သူ သေနတ်နဲ့ပစ်ပြီး သေကြောင်းကြံကာ လူ့လောကကြီးက ထွက်ခွာသွားခဲ့ပါတော့တယ်။ သူငယ်ချင်းရဲ့ ဒီသတင်းကို ကြားရတော့ ပါဘလို ထိတ်လန့်တုန်လှုပ်ခဲ့ရပါတော့တယ်။

mgyobe.com

စိတ်မတည်မငြိမ်နဲ့ အချစ်ဝေဒနာခံစားနေရတဲ့ သူငယ်ချင်းကို ငါ စွန့်ပစ်ခဲ့လို့ အခုလို သူငယ်ချင်း သတ်သေသွားလေခြင်းဆိုပြီး ပါဘလိုတစ်ယောက် "ငါ့မှာ အပြစ်ရှိတယ်" လို့ ယူကျုံးမရ ခံစားခဲ့ရပါတယ်။ သူငယ်ချင်း ကာလေရဲ့ ကြေကွဲဖွယ် ဘဝဇာတ်သိမ်းဟာ ပီကာဆိုရဲ့ ပန်းချီအနုပညာ ဖန်တီးမှုအပေါ်မှာ လာသက်ရောက်ခဲ့ပါတယ်။

သူငယ်ချင်းရဲ့ အသုဘအခမ်းအနားပုံနှစ်ကားနဲ့ ပုံတူနှစ်ချပ်ကို သူ ရေးဆွဲခဲ့ပါတယ်။ ကြေကွဲဆို့နင့်ဖွယ် အရောင်မှိုင်းမှိုင်းတွေနဲ့ ရေးခြယ်ခဲ့တာ ပါ။ (အဲဒီနောက်ပိုင်းမှာတော့) ပါဘလိုဟာ အပြာရောင်ကို စတင်သုံးစွဲကာ ပန်းချီကားများ ရေးခြယ်ခဲ့ပါတော့တယ်။

ပါဘလိုက..."ကာဆာဂီမာအကြောင်း စဉ်းစားရင်းနဲ့ အပြာရောင်သုံးပြီး စရေးခြယ်ဖြစ်ခဲ့တာပါ" လို့ ရှင်းပြခဲ့ပါတယ်။ ၁၉၀၁ ခုနှစ်မှာ သူ့ကိုယ်ရေးပုံတူကို ရေးဆွဲတော့ လုံးဝနီးပါး အပြာရောင်သုံးပြီး ရေးဆွဲခဲ့တာဖြစ်ပါ



ကိုယ်တိုင်ရေးပုံတူ (၁၉၀၁)

mgyoe.com

mgyoe.com


တယ်။ အဲဒီပုံကို ကြည့်ရတာ သူ သိပ်စိတ်ထိခိုက်ခံစားနေရတာ သိသာပါတယ်။ နောက်ပိုင်းမှာတော့ အဲဒီအချိန်ကာလကို ပီကာဆိုရဲ့ 'အပြာရောင်ကာလ' လို့ လူသိများခဲ့ပါတယ်။

၁၉၀၁ နဲ့ ၁၉၀၄ အကြားမှာ ပါဘလိုဟာ ဘာစီလိုနာနဲ့ ပါရီ တစ်လှည့်စီ ကူးသန်းသွားလာနေထိုင်ခဲ့ပါတယ်။ ဈေးပေါတဲ့ ဟိုတယ်အခန်းလေးတွေနဲ့ ခပ်ညံ့ညံ့တိုက်ခန်းလေးတွေမှာ တစ်လှည့်စီတည်းခိုနေထိုင်ခဲ့တာပါ။ ကဗျာဆရာ မက်စ်ဂျက်ကော့ဘ်နဲ့ သူ တစ်ခန်းတည်း အတူနေခဲ့ကြသေးတာပေါ့။ နှစ်ယောက်ပေါင်းမှ ခုတင်တစ်လုံးပဲ တတ်နိုင်လေတော့ အဲဒီခုတင်မှာ နေ့ဘက်ဆို ပါဘလိုအိပ်ပြီး ညဘက်မှာ ကဗျာဆရာ အိပ်ပါတယ်။ ညဘက်မှာကျတော့ ပါဘလို တစ်ညလုံး ပန်းချီဆွဲပါတယ်။ အဲဒီအလေ့အကျင့်ဟာ သူ့ဘဝတစ်လျှောက်လုံးမှာ အမြစ်တွယ်ခဲ့ပါတော့တယ်။


(ပန်းချီဆရာဆိုပေမဲ့ ပန်းချီဆွဲဖို့) ကင်းဗတ်ဖျင်စနဲ့ ဆေးများကို ဝယ်ယူဖို့ အရေးမှာ မကြာခဏဆိုသလို ဘိုင်ကျနေတာကြောင့် မဝယ်နိုင်ခဲ့ရှာပါဘူး။ ဒါနဲ့ပဲ ပုံကြမ်းတွေပဲ ရေးဆွဲခဲ့ရရှာပါတယ်။ သူတောင်းစားတွေ၊ မျက်မမြင်ပုဂ္ဂိုလ်တွေ၊ အဖော်မဲ့ အထီးကျန်သူတွေနဲ့ ထောင်သားတွေဟာ သူ့အတွက်တော့ ပုံကြမ်းရေးဆွဲဖို့ ကုန်ကြမ်းတွေပဲဖြစ်ပါတယ်။ (ပုံကြမ်းဆွဲရုံသာမကဘဲ ဒီလိုဘဝအကျိုးပေး နုံချာချို့တဲ့သူများကို) ပါဘလို ဂရုစိုက်စောင့်ရှောက်ပါတယ်။ စံပြမယ်တွေအနေနဲ့ ဆိုရင်တော့ ပါဘလိုဟာ ပါရီမှာရှိတဲ့ အမျိုးသမီးထောင်ကို သွားကာ (အကျဉ်းသူများကို) ရေးဆွဲပါတယ်။ သူ့ဘဝတစ်လျှောက်လုံး အမျိုးသမီးများကို ပုံတူရေးရတာ ပါဘလို နှစ်ခြိုက်ပါတယ်။

၁၉၀၃ ခုနှစ်မှာပါ၊ အဲဒီအချိန်မှာ ပါဘလိုဟာ တစ်နှစ်ကျော်ကျော် အချိန်အတွင်း အပြာနဲ့ အစိမ်းရောင်စုတ်ချက်များကို သုံးကာ ပန်းချီကား ၅၀ ရေးဆွဲခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်သူမှ သူ့ပန်းချီကားတွေကို မဝယ်ခဲ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ အိမ်ခန်းနံရံများပေါ်မှာ ပါဘလိုရဲ့ ဒီစိတ်ညစ်ညူးဖွယ် ပန်းချီကားတွေကို ချိတ်မထားချင်လို့ပါ။ ပါဘလိုရဲ့ ဖခင်ဖြစ်သူကိုယ်တိုင်နဲ့ သူ့ရဲ့မိတ်ဆွေသူငယ်ချင်းအတော်များများဟာ ပါဘလိုတစ်ယောက်တော့ ဒီထူးဆန်းတဲ့ အပြာရောင်ပန်းချီကားများနဲ့ လမ်း

mgyoe.com

mgyoe.com

လွဲကို ရောက်နေပြီလို့ အသေအချာထင်မြင်ယူဆခဲ့ကြတာပါ။ ဒါကို ပါဘလို နားထောင်ခဲ့ပါရဲ့လား၊ လုံး၀ နားမထောင်ခဲ့ပါ။ သူ ဆွဲချင်တာကိုပဲ ဆွဲနေခဲ့ပါတယ်။



ဂီတာသမားအိုကြီး (၁၉၀၃)
(in shades of blue)

mgyoe.com

mgyoe.com

## အခန်း(၃)
## ပါရီရွှေမြို့တော်ရဲ့ဘဝ



ပီကာဆို
(၁၉၀၄)

'အပြာရောင်ကာလ' ပန်းချီခေတ်ကနေ ဘာက ပါဘလိုကို ဆတ်ခနဲ ဆွဲထုတ်ပစ်ခဲ့ပါသလဲ။ ပါရီရွှေမြို့တော်ကို ပြန်လာခဲ့တာက (ဒီတစ်ကြိမ်တော့ ကောင်းသောလာခြင်းပေါ့လေ။) အကြောင်းတစ်ခုဖြစ်ခဲ့ပါတယ်။ အမြဲတမ်းရှင်သန်တက်ကြွလှုပ်ရှားနေတဲ့ ပါရီမြို့တော်ကြီးဟာ ပါဘလိုကို ညို့ယူဖမ်းစားခဲ့ပါတယ်။ သူ့ဘဝကို ပိုပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းလာခဲ့ပါတယ်။ ဟိုသည်အနှံ့ ပြင်သစ်တစ်ပြည်လုံး လှည့်လည်ခရီးသွားလာနေကြတဲ့ ဆပ်ကပ်အဖွဲ့များက ကျွမ်းသမားတွေနဲ့ လက်လှည့်ဆရာ (ဘောလုံးပန်းကန်ပြား၊ တင်းပုတ်စတာတွေကို ရွဲကစားသလို မြှောက်ကစားပြသူများ) တွေရဲ့ပုံကို သူ စတင်ရေးဆွဲခဲ့ပါတယ်။ အဲဒီလူတွေဟာ လူ့လောကရဲ့

mgyoe.com


mgyoe.com


အပယ်ခံပုဂ္ဂိုလ်တွေဖြစ်ပြီး အပြာရောင်ကာလက သူ ရေးဆွဲခဲ့တဲ့ လူပုဂ္ဂိုလ်များ (သူတောင်းစား၊ မျက်မမြင်နဲ့ အကျဉ်းသား)နဲ့ အလားသဏ္ဍာန်တူပါတယ်။

## LES SALTIMBANQUES

### ကျွမ်းသမားရဲ့မိသားစု

စပိန်လို LES SALTIMBANQUES လို့အမည်ရတဲ့ "ကျွမ်းသမား ရဲ့မိသားစု" ပန်းချီကားကို ပါဘလို အတော်လေးကြိုးကြိုးစားစားနဲ့ ရေးဆွဲခဲ့တာပါ။ စံပြမော်ဒယ်များအဖြစ် ဖာနန်ဒေနဲ့ (ပါဘလိုရဲ့) သူငယ်ချင်း တစ်ဦးတို့ကို အသုံးပြုခဲ့ပြီး "ကျွမ်းသမားရဲ့မိသားစု" ပန်းချီကားကို ရေးဆွဲခဲ့ တာလည်းဖြစ်ပါတယ်။ ဒီခေတ် အိပ်စရေးရိုက် စမ်းသပ်ချက်များအရ ပါဘလိုဟာ ဒီပန်းချီကားကို သူ စိတ်ကြိုက်မရမချင်း လေးကြိမ်တိတိ ပြင်ဆင်ရေးဆွဲခဲ့တာလို့ သိရပါတယ်။



mgyoe.com

mgyoe.com




ဖာနန်ဒေနဲ့
ပါဘလိုကို
အချစ်တော်ခွေး
များနဲ့အတူ
တွေ့ရစဉ်

(စိတ်ညစ်ညူး၊ စိတ်ဓာတ်ကျဖွယ်) ပါဘလိုရဲ့ 'အပြာရောင်ကာလ' ပန်းချီရေးဆွဲမှုများ အဆုံးသတ်ခဲ့ရခြင်းရဲ့ နောက်အကြောင်းအချက်တစ်ခု ကတော့ သူ့မှာ ချစ်သူရလာခဲ့ခြင်းပါပဲ။ ပါဘလိုရဲ့ချစ်သူ မိန်းကလေးဟာ ရုပ်ရည်ချောမွေ့လှပတဲ့ ပန်းချီဆရာမတစ်ဦးဖြစ်ပြီး ဖာနန်ဒေ အိုလီဗီယာ လို့ အမည်ရပါတယ်။ (ကျွမ်းသမားမိသားစု ပန်းချီကားရေးဆွဲဖို့ စံပြမယ် အဖြစ် ထိုင်ပေးခဲ့သူပါ)

ချစ်သူရတော့ ပါဘလိုရဲ့စိတ်တွေ ရွှင်မြူးပျော်ရွှင်ခဲ့သလို အဲဒီရွှင်မြူး စိတ်တွေဟာလည်း သူ ပန်းချီလက်ရာများပေါ်ကို ကူးစက်ခဲ့ပါတယ်။ ဒီအချိန်ကာလကိုတော့ တချို့တွေက ပါဘလိုရဲ့ 'နှင်းဆီရောင်ကာလ' လို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။ 'နှင်းဆီရောင်ကာလ' ရယ်လို့သာ ဆိုကြပေမဲ့ ဒီကာလ မှာ သူ ရေးဆွဲခဲ့တဲ့ ပန်းချီကားတွေဟာ အရောင်အသွေးစုံလင်လှပါတယ်။ ပန်းရောင်တစ်မျိုးတည်းမဟုတ်ခဲ့ပါဘူး။

mgyoe.com

 mgyoe.com 



## ပီကာဆိုရဲ့ အချစ်တော်တိရစ္ဆာန်လေးများ


သူ့ဘဝတစ်လျှောက်လုံး ပီကာဆိုမှာ အချစ်တော် တိရစ္ဆာန်လေးတွေ အများကြီးရှိခဲ့ပါတယ်။ အဲဒီတိရစ္ဆာန်လေးတွေထဲမှာ ယဉ်ပါးနေတဲ့ ကြွက်ဖြူလေးရယ်၊ လိပ်ကလေးတစ်ကောင်ရယ်၊ တပဲပဲနဲ့ အော်မြည်တတ်တဲ့ ဆိတ်ကလေးရယ်၊ မျောက်ကလေးတစ်ကောင်ရယ်တို့လည်း ပါဝင်တာပေါ့။ သူဟာ ခွေးကလေးများကို ချစ်ခင်ယုယတတ်သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူ ရုန်းကန်နေရပြီး အဆင်မပြေတဲ့ဘဝမှာတောင် ခွေးကြီးတစ်ကောင် မွေးထားပါသေးတယ်။ ဖရီကာဆိုတဲ့ ခွေးအိုကြီးပါ။ အကောင်ကြီးသလောက် လိမ္မာပြီး ချစ်စရာကောင်းပါတယ်။

ဖရီကာကြီးဟာ ဘယ်လောက်လိမ္မာသလဲဆိုရင် တစ်ချိန်မှာ ပါဘလိုတစ်ယောက် စားစရာရယ်လို့ ဘာမှမရှိချိန်မှာ သူ့သခင်စားဖို့ ဝက်အူချောင်းတွဲတစ်ခု ကို ကိုက်ချီယူလာပေးခဲ့တာပါ။ သူ့တစ်သက်တာမှာ အချစ်ဆုံး



mgyoe.com


အိမ်မွေးတိရစ္ဆာန်လို့ ဆိုနိုင်ဖွယ်ရှိတာကတော့ "လမ့်" အမည်ရ ကျောလျားရှည် ခွေးပုလေးပါ။ "လမ့်" (Lump) ဆိုတာ ဂျာမန်စကားဖြစ်ပြီး မြန်မာလို "ခွေးရှုပ်ကလေး" လို့ အဓိပ္ပာယ်ရပါတယ်။ ပုံတူရေးဆွဲရာမှာ ခန့်ခန့်ညားညားသွင်ပြင်ရှိတဲ့ အမဲလိုက် ခွေးရဲ့ပုံ မရေးဆွဲဘဲ ခွေးပုလေး "လမ့်" ရဲ့ ပုံကိုသာ ရေးဆွဲခဲ့တာပါ။




ပါဘလို့အချစ်တော်
ခွေးရှုပ်ကလေး

mgyoe.com

mgyoe.com



ပါဘလိုနဲ့ ဖာနန်ဒေတို့နှစ်ဦးဟာ ခပ်ညံ့ညံ့တိုက်ခန်းတွဲတွေရှိတဲ့ အဆောက်အအုံကြီးတစ်ခုမှာ နေထိုင်ကြပြီး အဲဒီတိုက်ကြီးမှာက သူတို့လိုပဲ ပန်းချီပန်းပုအနုပညာသမားတွေနဲ့ ပြည့်နေတာပါ။ ပန်းချီပန်းပုဆရာသမားတွေသာမကဘဲ အဲဒီတိုက်ကြီးမှာက ကဗျာဆရာတွေလည်း နေကြတာပါ။ သူတို့အခန်းက စိုထိုင်းထိုင်းနဲ့ ပစ္စည်းပစ္စယတွေနဲ့ ရှုပ်ပွနေတာဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလိုရှုပ်ပွနေရတာလဲဆိုတော့ ပါဘလိုက ဘယ်ပစ္စည်းကိုမှ လွှင့်မပစ်ချင်သူပါ။ သူက "ဖာနန်ဒေရေ... မင်းက ဘာလို့ အဲဒီပစ္စည်းတွေကို လျှောက်လွှင့်ပစ်ချင်နေတာလဲ၊ အဲဒီပစ္စည်းတွေက အချိန်ကျရင် ငါ့အတွက် အသုံးဝင်တာတွေချည်းပဲ" လို့ သူ့ချစ်သူကို ရှင်းပြတတ်ပါတယ်။

သူတို့မှာ အဝါရောင်ခွေးကြီးတစ်ကောင်ရှိပါတယ်။ ဖရိကာပါ။ ဖရိကာကြီးအပြင် လိမ္မာတဲ့ ကြွက်ဖြူလေးတစ်ကောင်လည်း မွေးထားပါသေးတယ်။ အဲဒီကြွက်ဖြူလေးကို ဗီရိုအံဆွဲထဲမှာ ထည့်မွေးထားတာပါ။ အထက်တစ်နေရာမှာ ရေးခဲ့သလို ပါဘလိုဟာ ညဘက်မှာမှ အလုပ်လုပ်သူပါ။

mgyoe.com

mg

ရေနံဆီမီးအိမ်လေးထွန်းပြီး ပန်းချီတွေ တကုတ်ကုတ်နဲ့ ဆွဲတာပေါ့။ မကြာခဏဆိုသလိုပဲ ပါဘလိုဟာ မနက်ငါးနာရီ၊ ခြောက်နာရီအထိ အလုပ်လုပ်တတ်ပါတယ်။ ဆောင်းတွင်းကာလ အေးတဲ့အချိန်မှာ သူတို့အခန်းထဲ တစ်ခါတလေ ဘယ်လောက်အေးသလဲဆိုရင် အချမ်းပြေ သူတို့သောက်တဲ့ လက်ဖက်ရည်ခွက်ထဲ မကုန်ဘဲကျန်တဲ့ အကတ်အသတ်အရည်ကလေးတွေ ခဲကုန်တဲ့အထိပါပဲ။

ဒီအချိန်တစ်ပိုက်လောက်မှာပါပဲ ပါဘလိုဟာ ပါရီရွှေမြို့တော်ကြီးမှာ စိတ်ဝင်စားစရာကောင်းတဲ့ လူပုဂ္ဂိုလ်တော်တော်များများနဲ့ ဆုံတွေ့ခဲ့ရပါတယ်။ အပြန်အလှန်အနေနဲ့ အဲဒီပုဂ္ဂိုလ်တွေကလည်း ပါဘလိုဟာ စိတ်ဝင်စားဖို့ကောင်းတဲ့လူလို့ ထင်မြင်ယူဆကြတာပါ။ သူဟာ (စိတ်ဆန္ဒ)အလွန်ပြင်းပြစွာနဲ့ အလွန်အကျွံဖြစ်သလို (နားလည်ဖို့) ခက်ခဲရှုပ်ထွေးသူတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ နှစ်လိုဖွယ်အလွန်ကောင်းသူဖြစ်သလို သူ့ရဲ့သိချင်စိတ်ပြင်းပြမှု၊ ခွန်အားအပြည့်ရှိမှု၊ ဉာဏ်ပညာနဲ့ ပြည့်စုံမှု၊ တီထွင်နိုင်ပြီး ကိုယ်ပိုင်ဟန်ရှိမှု စတာတွေကြောင့် လူတွေရဲ့ အာရုံစိုက်ခြင်းကို ခံယူခဲ့ရပါတယ်။ အရုပ်အမောင်းအနေနဲ့ ပြောရမယ်ဆိုရင် ပါဘလိုဟာ ငါးပေသုံးလက်မသာမြင့်တာမို့ လူပုစာရင်းထဲပါပါတယ်။ ဒါပေမဲ့ စူးရှတဲ့ မျက်လုံး



ပီကာဆိုနဲ့သူငယ်ချင်းများ ကဖေးဆိုင်ထိုင်နေစဉ်

mgyoe.com

mgyoe.com



လီယိုစတိန်း



ဂါးထရုစတိန်း

နက်နက်တောက်တောက်တွေနဲ့ ပေါ်လွင်ထင်ရှားတဲ့ ရုပ်ရည်ရှိတာကြောင့် အရုပ်ပုတာက ဘယ်လိုမှ သူ့အပေါ် အမြင်မဆိုးစေခဲ့ပါဘူး။

ဒီလိုနဲ့နေလာရင်း တစ်နေ့မှာ ပါဘလိုဟာ ချမ်းသာကြွယ်ဝတဲ့ အမေရိကန်အမျိုးသမီး ဂါးထရုစတိန်းနဲ့ သူ့မောင် လီယိုတို့နဲ့ ခင်မင်ရင်းနှီးခဲ့ရပါတယ်။ ဂါးထရုက ကဗျာဆရာမတစ်ဦးပါ။ 'Rose is a rose is a rose' ဆိုတဲ့ နာမည်ကျော် ကဗျာကို စပ်ဆိုရေးသားခဲ့သူလည်းဖြစ်ပါတယ်။ သူမဟာ ပါဘလို့ပန်းချီကားများနဲ့ အနုပညာတန်ဖိုးကို ပထမဆုံးသိမြင်ခဲ့သူ ပုဂ္ဂိုလ်များအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး သူ့ရဲ့ တချို့ပန်းချီကားတွေကို ဝယ်ယူအားပေးခဲ့တာပါ။

စနေညတွေမှာဆိုရင် စတိန်းရဲ့ ပါရီအိမ်မှာ ကဗျာဆရာတွေ၊ ပန်းချီဆရာတွေ တရုန်းရုန်းနဲ့ပဲပေါ့။ စနေတစ်ည စတိန်းရဲ့အိမ်မှာ ပန်းချီဆရာ ဟင်နရီမားတစ်နဲ့ ပါဘလို တွေ့ဆုံသိကျွမ်းခဲ့တာပါ။ မားတစ်ဟာ အဲဒီခေတ်

mgyoe.com



မားတစ်၊ ဂါးထရုနဲ့ ပီကာဆိုတို့ကို ပါရီမြို့တော်တွင် တွေ့ရစဉ်

အချိန်ကာလရဲ့ အထူးချွန်ဆုံး ပန်းချီပညာရှင်လို့ ပါဘလို ထင်မြင်ယူပါတယ်။

"အားလုံးကို စဉ်းစားသုံးသပ်ပြီးတဲ့နောက် (ဒီခေတ်ရဲ့ အထူးချွန်ဆုံးဟာ) မားတစ်တစ်ဦးတည်းရယ်သာပါ" လို့ ပါဘလိုတစ်ချိန်မှာ ပြောကြားခဲ့ဖူးပါတယ်။ (ပြောရမယ်ဆိုရင်) သူတို့နှစ်ဦးဟာ အပြိုင်အဆိုင် (ပန်းချီပညာရှင်)တွေဖြစ်ပေမဲ့ နှစ်ဦးစလုံးရဲ့ ဘဝတစ်သက်တာပတ်လုံး မိတ်ဆွေသူငယ်ချင်းများအဖြစ် စွဲမြဲခင်မင်ခဲ့ကြပါတယ်။

mgyoe.com